

ငါးနု နွေ
ငါးနဲ့မြွေ



အဲင်းလေးကန်နားမာ ငါးတေ စုံကနဲင် နေကြပာယ်။

အင်းလေးကန်ကြီးထဲမှာ ငါးမျိုးစုံ နေကြတယ်။


J

တနေ့ဆမားခါဟု့ ငါးစားနွှေတကောင် ရောက်လာဟယ်။

တစ်နေ့တော့ ရေမြွေတစ်ကောင် ရောက်လာတယ်။




ရှေ့ဆုံးရက်မှာ ငါးစားနွေဟာ ငါးလူးတကောင်
ဖမ်းစားဟာယ်။

ပထမတစ်ရက်မှာ ရေမြွေကြီးက ငါးလူးတွေကို
ဖမ်းစားတယ်။




နှေရက်ရောက်ခါပှ့ ငါးစားနွှေပှ့ ငါးခုန်းမကော်
ဖမ်းစားဟာယ်။

နှစ်ရက်မြောက်နေ့မှာ ရေမြွေကြီးက ငါးခုံးမကို
ဖမ်းစားတယ်။



ဆုံးရက်ရောက်ခါဟ့ ငါးစားနွှေဟ့
ငါးတောင်နွှယ်ကော် ဖမ်းစားဟာယ်။

သုံးရက်မြောက်နေ့မှာ ရေမြွေကြီးက ငါးတောင်နွှယ်ကို
ဖမ်းစားတယ်။




လေးရက်မြောက်ခါပဲ့ ငါးစားနေ့ပဲ့
ငါးဖယ်စုတ်မကော် ဖမ်းစားပါယ်။

လေးရက်မြောက်နေ့မှာ ရေမြွေကြီးက ငါးသလဲထိုးကို
ဖမ်းစားတယ်။



ငါးရက်ရောက်ခါပဲ့ ငါးစားနွေပဲ့ ငွန်ဆိတ်တေကော်
ဖမ်းစားဟာယ်။

ငါးရက်မြောက်နေ့မှာ ရေမြွေကြီးက ပုငွန်တွေကို
ဖမ်းစားတယ်။



အဲင်းထဲဟာ ငါးဆနယ်တေဟာ
ငါးစားနွေဖမ်းစားလောက်
ကုန်ခါနီးဟားဝေါက်။

အင်းလေးကန်ထဲက ငါးငယ်လေးတွေဟာ
ရေမြွေကြီး ဖမ်းစားလို့
ကုန်လုနီးနီးဖြစ်သွားတယ်။




ခြောက်ရက်ရောက်ခါဟ့ ငါးခူန ငါးခေါင်းချွန်န
ငါးစားနွှေကော် ဝိန်းကိတ် ပလိတ်ဆော်။

ခြောက်ရက်မြောက်နေ့မှာ ငါးခူနဲ့ ငါးရံ့တို့ဟာ ရေမြွေကြီးကို
ဝိုင်းပြီးကိုက်ကြတယ်။



ငါးခေါင်းချွန်န ငါးခူ ဝိန်းကိတ်ကော်
ခံနိန်ပဲခါ ငါးစားနွှေဟ့ အဝေးတလန်ကော်
ထွက်ပ္လေးဟားလက်။

ရေမြွေကြီးလည်း ငါးရံ့နဲ့ ငါးခူတို့ ဝိုင်းကိုက်တာကို မခံနိုင်လို့ အင်းထဲကနေ အဝေးကို ထွက်ပြေးသွားပါတော့တယ်။



အင်းသား စာပေနှင့်ယဉ်ကျေးမှုကော်မတီမှ ရေးသားပြုစုသည်။